# ဥပဒေအထောက်အကူပေးသူလမ်းညွှန်

# PARALEGAL DIRECTORY

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးထွန်းမြိုင်ဝင်း (၀၂၂၅၉)<br>ညီမျှခြင်းမြန်မာ<br>အမှတ်(၃၃၄/၃၄၄) ဒုတိယထပ်၊ ပုဂံအိမ်ရာ၊ လမ်းမတော်(၁)လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်တိုက် | - | ဦးစိုင်းဆုမြတ်(၀၁၂၂၀)<br>အမှတ်(၃၀ ဂျီ - အေ) ၂ ရပ်ကွက်၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးကာတွန်း | - | ဟန်လေး |
| အတွင်းကာတွန်း | - | ဗိုလ်သံ |
| စာအုပ်အပြင်ဆင် | - | mmmlwin |
| အုပ်ရေ | - | ၁၅၀၀၀ |

*Right For All*

This project is co-funded by the European Union

Equality Myanmar

ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့
Local Resource Centre

DCA NCA
actalliance
MYANMAR JOINT COUNTRY PROGRAMME

# မာတိကာ


၁။ အခန်း (၁) ဥပဒေအထောက်အကူပေးတယ်ဆိုတာ ဘာလဲ။ ၈

၂။ အခန်း (၂) ဥပဒေအထောက်အကူပေးတဲ့ သူတွေက ဘယ်သူတွေလဲ။ ၉

၃။ အခန်း (၃) ဘယ်သူတွေကို ဥပဒေအထောက်အကူပေးသူတွေဟု အသိအမှတ်ပြုကြသလဲ။ ၁၀

(၃.၁) ရှေ့နေမဟုတ်တဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးသူ (Paralegals) အဖြစ် ဘယ်သူ ၁၁

တွေက "ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ" အရ လျှောက်ထားနိုင်သလဲ။ ၁၁

၄။ အခန်း (၄) ဥပဒေအထောက်အကူပေးသူများ၏ အခန်းကဏ္ဍက ဘာလဲ။ ၁၃

၅။ အခန်း (၅) ဥပဒေအထောက်အကူပေးသူများ၏ စောင့်ထိန်းရမယ့် ကျင့်ဝတ်စည်းကမ်းများ၊ ၁၅
တာဝန်များနှင့် စည်းကမ်းများက ဘာတွေလဲ။

၆။ အခန်း (၆) ဥပဒေအထောက်အကူပေးသူတစ်ဦးမှာ ရှိရမယ့် အရည်အချင်းတွေက ဘာတွေလဲ။ ၁၈

၆.၁ ချိတ်ဆက်၊ ပြောဆို၊ ဆက်ဆံရေးဆိုင်ရာ အရည်အချင်း (Communication Skill) ၁၉

၆.၂ စေ့စပ်ဆော်ဩခြင်းနှင့် တိုက်တွန်းအရေးဆိုခြင်း အရည်အချင်း (Advocacy and Facilitation Skill) ၁၉

၆.၃ မှတ်တမ်းတင်ခြင်း အရည်အချင်း (Documentation Skill) ၂၀

၆.၄ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ကြားဝင်ဖျန်ဖြေပေးသည့် အရည်အချင်း (Negotiation and Mediation Skill) ၂၁

၆.၅ လွှဲပြောင်းပေးအပ်ခြင်း (Referral Skill) ၂၂

၇။ အခန်း (၇) ဥပဒေအထောက်အကူပေးနေစဉ်တွင် သတိပြုရှောင်ကြဉ်ရမည့် အချက်များ ၂၃

၈။ အခန်း (၈) ဥပဒေအထောက်အကူပေးသူသည် ဘယ်လိုအကြောင်းအရာတွေ (ဥပဒေတွေ) ကို အဓိက ထား လေ့လာသင့်သလဲ။ ၂၅

၈.၁ တရားရုံးအဆင့်ဆင့် ၂၅

၈.၂ ဥပဒေအမျိုးမျိုး ၂၆

၈.၃ ပြစ်မှုသဘောသဘာဝ ၂၇

၈.၄ ရာဇဝတ်ကျင့်ထုံးမှ ကောက်နုတ်ချက် ၂၈

၈.၅ ရာဇဝတ်မှုများကို တိုင်တန်းခြင်း ၂၈

၈.၆ ရဲစခန်းတွင် ပထမသတင်းပေးတိုင်တန်းချက် (First Information Report (F.I.R)) ၂၉

၈.၇ တရားရုံးတွင် ဦးတိုက်လျှောက်ထား တိုင်တန်းခြင်း (Direct Complaint) ၂၉

၈.၈ တရားခံကို ချုပ်နှောင်ခြင်း ၃၀

၈.၉ စွပ်စွဲခံရသူရဲ့ ဥပဒေအခွင့်အရေးများ ၃၀

၈.၁၀ ရှေ့နေနှင့် ထုချေခွင့် ၃၃

၈.၁၁ စီရင်ထုံး ၃၃

၉။ အခန်း (၉) ဥပဒေအထောက်အကူပေးသူတွေ လေ့လာထားရမယ့် ပြစ်မှုဆိုင်ရာ လျှောက်ထားမှုနမူနာပုံစံများ ၃၄

၁၀။ အခန်း (၁၀) မြန်မာနိုင်ငံရှိ ဥပဒေအထောက်အကူပေးသည့် အဖွဲ့အစည်းများ အကြောင်း သိရှိဆက်သွယ်နိုင်ရန် အချက်အလက်များ ၅၃

# အမှာစကား

လူ့အခွင့်အရေးနဲ့ ဥပဒေဆိုတာ ခွဲခြားမရအောင် ဆက်စပ်နေတဲ့ အကြောင်းအရာနှစ်ခုဖြစ်ပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုကိုရင်ဆိုင်ကြုံတွေ့ရတဲ့အခါ တရားဥပဒေရဲ့အကူအညီကို ရရှိခွင့်ရမယ်လို့ ဆိုထားသလို တရားဥပဒေရဲ့အကူအညီကို ရရှိခွင့်ဟာ လူ့အခွင့်အရေးတရပ်ဖြစ်တယ်လို့ ရေးသားထားကြပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအနေနဲ့ တရားဥပဒေ အကူအညီနဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေကို ရယူနိုင်ဖို့အောင် ကြိုးပမ်းဖို့အတွက် မိမိတို့အနေနဲ့ အမြဲတိုက်တွန်း နိုးဆော်ခဲ့ပါတယ်။

တရားဥပဒေရဲ့အကူအညီကို ရယူရာမှာလဲ ဘက်မလိုက်၊ မျှတ၊ ထက်မြက်တဲ့ တရားရေးမဏ္ဍိုင်တွေ ရှိရမယ်။ လူသားအားလုံး တရားဥပဒေရဲ့ရှေ့မှောက်မှာ ကျောသားရင်သားမခွဲခြားဘဲ တန်းတူခံစားခွင့်ရှိရမှာက အခွင့်အရေးတရပ်ဖြစ်ပါတယ်။ တရားရင်ဆိုင်ရာမှာလဲ တရားရေး ဆိုင်ရာအခွင့်အရေးတွေဖြစ်တဲ့ လူအများကြားနာတဲ့တရားရုံးမှာ စီရင်ခံပိုင်ခွင့်၊ သက်သေခေါ်ပိုင်ခွင့်၊ ရှေ့နေအပါအဝင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းတွေကို လွယ်လွယ်ကူကူရရှိပိုင်ခွင့်တို့ကို ရရှိခံစားရ ပါမယ်။

အခုဒီစာအုပ်မှာဆိုရင် ဥပဒေရှေ့မှောက်မှာ ရောက်ရှိနေတဲ့သူတွေအတွက် အသုံးဝင်နိုင်မယ့် ဥပဒေအထောက်အကူပေးသူတွေအကြောင်း ပြည့်ပြည့်စုံစုံရေးသားထားပါတယ်။ ဥပဒေအထောက်အကူပေးသူတွေဆိုတာ ဘယ်သူတွေလဲ။ သူတို့ရဲ့အခန်းကဏ္ဍနဲ့ လုပ်ဆောင်လေ့ရှိတဲ့တာဝန်တွေက ဘာတွေကိုလဲ ရှင်းပြထားပါတယ်။ ဥပဒေနဲ့ပါဝင်ပတ်သက်နေသူတွေကို အထောက်အကူပေးဖို့ တာဝန်ရှိတဲ့ ဥပဒေအထောက်အကူပေးသူတွေအနေနဲ့ ဥပဒေနဲ့အညီ လွတ်လပ်စွာဆောင်ရွက် နိုင်ဖို့အချက်တွေကို ဒီစာအုပ်ထဲမှာ ရှင်းပြထားပါတယ်။ ဒါ့အပြင် ဥပဒေအထောက်အကူပေးသူ တွေကို ကာကွယ်ပေးနေတဲ့ အကြောင်းအရာတွေလဲ ပါရှိပါတယ်။ ဒါတင်မကဘဲ တကယ်လို့များ လူတဦးတယောက်အနေနဲ့ ဥပဒေ အထောက်အကူပေးသူတွေနဲ့ ဆက်သွယ်ပြီး အကူအညီတောင်းချင်ရင် တောင်းနိုင်မယ့် လိပ်စာများကိုလဲ ထည့်သွင်းဖော်ပြထားပါတယ်။

ဥပဒေဆိုတာ နိုင်ငံသားတွေကို ဖိနှိပ်ဖို့မဟုတ်ဘူး။ နိုင်ငံသားအားလုံးကို ကာကွယ်ပေးဖို့ဖြစ်တယ်ဆိုတဲ့ အတိုင်းဖြစ်ဖို့ နိုင်ငံသားတိုင်းဟာ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို တီးမိခေါက်မိဖို့ လိုအပ်ပါ

တယ်။ "မအအောင် သမိုင်းသင်ရမယ်" လို့ သမိုင်းပညာရှင်တဦးက ပြောကြားခဲ့သလို လူတိုင်းဟာ ကိုယ့်အခွင့်အရေး ကို ကာကွယ်နိုင်ဖို့နဲ့ တရားမျှတမှုကို ဖော်ဆောင်နိုင်ဖို့ ဥပဒေကို သိဖို့ အရေးကြီးပါတယ်။

ဒီစာအုပ်က ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီစာအုပ်ဖြစ်လာအောင် ပြင်ဆင်ရေးသားပေးတဲ့ တရားလွှတ်တော်ရှေ့နေ ဦးကျော်သိန်း Myanmar Environmental Legal Services (MELS) ကို အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါတယ်။ စာအုပ်ထွက်လာဖို့အတွက် အဖက်ဖက်က ဝိုင်းဝန်းတာဝန်ယူလုပ်ဆောင်ကြတဲ့ ညီမျှခြင်း-မြန်မာဝန်ထမ်းများ အထူးသဖြင့် ဦးထွန်းမြိုင်ဝင်း၊ မမေဖူးပွင့်အောင်၊ မထုမိုင်၊ ကိုမောင်မောင်မြင့်လွင်နဲ့ ကာတွန်းဆရာ ကိုဟန်လေး၊ ဗိုလ်သံ တို့ကို အထူးမှတ်တမ်းတင် ကျေးဇူးတင်ပါတယ်။ ငွေကြေးအရ ထောက်ပံ့ပေးတဲ့ ဥရောပသမဂ္ဂကိုလဲ ကျေးဇူး ဥပကာရ တင်ရှိကြောင်း ပြောကြားလို ပါတယ်။

အောင်မျိုးမင်း

အမှုဆောင် ဒါရိုက်တာ

ညီမျှခြင်း မြန်မာ

အောက်တိုဘာလ၊ ၂၀၁၉ ခုနှစ်

# ကျေးဇူးတင်လွှာ

စာအုပ်ဖြစ်မြောက်ရေးအတွက် ရန်ပုံငွေထောက်ပံ့ပေးပါသော ဥရောပသမဂ္ဂအား အထူးကျေးဇူး တင်ရှိကြောင်း ရှေးဦးစွာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ဤစာအုပ်ပါ ဥပဒေအထောက်အကူပြုရုံး များ၊ အဖွဲ့အစည်းများနှင့် ဥပဒေအထောက်အကူပြုသူများ၏ ဆက်သွယ် ရမည့်လိပ်စာ၊ သတင်းအချက် အလက်များကို အသုံးပြုခွင့်ပေးသည့် Namati, Legal Clinic Myanmar, Colors Rainbow, Yangon Justice Center နှင့် အားလုံးအတွက် လူ့အခွင့်အရေးစီမံကိန်း၏ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးများ၊ အရာရှိများ အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်းပြောကြား လိုပါသည်။ ညီမျှခြင်းမြန်မာမှ အမှုဆောင်ဒါရိုက်တာ ဆရာဦးအောင်မျိုးမင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ သင်တန်းနည်းပြဆရာမ ဒေါ်တိုးတိုးမြင့်နှင့် တကွ အဖက်ဖက်မှ အကြံပြုကူညီပေးကြသော တစ်ဦးတစ်ယောက်စီ တိုင်းကိုလည်း အထူးကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

# အခန်း (၁)

## ဥပဒေအထောက်အကူပေးတယ်ဆိုတာ ဘာလဲ။

ဥပဒေအထောက်အကူပေးတယ်ဆိုတာ ဥပဒေအရ အရေးယူခြင်းခံရတဲ့ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှုလိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ၊ သို့မဟုတ် အခြားကူးစက်မြန်ရောဂါ ခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေး ခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များ၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများနဲ့ ထူးခြားသည့် အကြောင်းအရာ တစ်ခု ခုကြောင့် အကူအညီတောင်းခံလာတဲ့ ပြစ်မှုနှင့်ဆိုင်သော သက်သေများအား ဥပဒေနှင့်အညီ ရှေ့နေ ငှါးပေးခြင်း၊ ဥပဒေအသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက် ပေးခြင်းတို့ကို ဆိုလိုတာဖြစ်တယ်လို့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေမှာ အဓိပ္ပါယ်ဖွင့်ဆိုထား ပါတယ်။

တစ်နည်းအားဖြင့် အခြေခံလူတန်းစားများ ကြုံတွေ့ရတဲ့ ဥပဒေဆိုင်ရာ ပြဿနာတွေကို လွယ်ကူစွာ ပြေလည်နိုင်ဖို့ ကူညီတာကို ဥပဒေအထောက်အကူပေးတယ်လို့ ခေါ်ဆိုနိုင်မှာ ဖြစ်ပါတယ်။ မိမိရှေ့မှာ ရုတ်တရက် မကျန်းမမာဖြစ်သူကို ရှေးဦးသူနာပြုစုသလိုပဲ မိမိပတ်ဝန်းကျင်မှာ ပြဿနာရင်ဆိုင်နေရသူကို ဖြေရှင်းနိုင်ဖို့ ကူညီပေးတာကို ဥပဒေအထောက်အကူပေးတယ်လို့ ခေါ်ဆိုတာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေဗဟုသုတရှိသူ ဘယ်သူမဆို ဥပဒေအထောက်အကူပေးသူ ဖြစ်နိုင်ခြေရှိပါတယ်။

# အခန်း (၂)

## ဥပဒေအထောက်အကူပေးတဲ့ သူက ဘယ်သူတွေလဲ။



ဥပဒေအထောက်အကူပေးတဲ့သူတွေဟာ “ဥပဒေ အထောက်အကူပေးတဲ့ ရှေ့နေနှင့် ရှေ့နေမဟုတ်တဲ့ ဥပဒေအထောက်အကူပေးသူ” တွေဖြစ်တယ်။ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင် အုပ် ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အသီး သီးတွင် ဆောင်ရွက်သောရှေ့နေ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သည့်ရှေ့နေ သို့မဟုတ် ငှါးရမ်းသည့်ရှေ့နေတွေလည်း ဥပဒေအထောက်အကူပေးတဲ့ သူတွေဖြစ်တယ်။ ထို့ပြင် ဥပဒေ

ဆိုင်ရာ အထောက်အကူပေးတဲ့ ရှေ့နေ၏ ကြီးကြပ်မှုဖြင့် အခမဲ့ဥပဒေ အကြံပေးခြင်းနှင့် ဥပဒေဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကတရားဝင် အသိအမှတ်ပြု၍ တာဝန်ပေးအပ်ထားသည့် "ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက် အကူပေးသူ" ကိုလည်း ဆိုလိုတာဖြစ်တယ်လို့ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေမှာ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။

လိုရင်းပြောရမယ်ဆိုရင် ဥပဒေပညာကို နှံ့စပ်အောင် လေ့လာထားတဲ့ ရှေ့နေမဟုတ်သော ဥပဒေ ဗဟုသုတပြည့်စုံသူနှင့် အခမဲ့ ကူညီတဲ့ရှေ့နေတို့သည် ဥပဒေအထောက် အကူပေးတဲ့သူတွေ ဖြစ်ပါတယ်။


လူထုအခြေခံဥပဒေအထောက်အကူပြုများ ဆိုသည့် စကားရပ်တွင် ဥပဒေအထောက်အကူပြုများ သည် နည်းလမ်းတကျ သင်တန်းပေးထားသူများဖြစ်ကြပြီး တရားမျှတမှုဆိုင်ရာ ဝန်ဆောင်မှုများကို ဖြည့် ဆည်းပေးရန် ဥပဒေကြောင်းအရနှင့် ဥပဒေကြောင်းမဟုတ်သည့် နည်းလမ်းများကို အသုံးပြုသည့် ဥပဒေ အထောက်အကူပြုတစ်ဦးဦးကို ရည်ညွှန်းရန် အသုံးပြုသည်။ ထိုသူသည် သူ့အလုပ်လုပ်ကိုင်သည့် လူ့အ သိုင်းအဝိုင်းထဲတွင် နေထိုင်ပြီး ယင်းနှင့်စပ်လျဉ်း၍ နက်ရှိုင်းသည့် ဗဟုသုတရှိသူ ဖြစ်ပြီးလျှင် ရှေ့နေ တစ်ဦး ဦးထံမှ နည်းပညာဆိုင်ရာ အထောက်အပံ့ကို ရရှိနိုင်ပြီး ယေဘုယျကြီးကြပ်မှုကိုလည်း ခံယူရရှိသူ ဖြစ်သည်။ (U Kyaw Myint Law Firm & NAMATI လူထုအခြေခံဥပဒေအထောက်အကူပြုများလက်တွေ့လမ်းညွှန်)

# အခန်း (၃)

## ဘယ်သူတွေကို ဥပဒေအထောက်အကူပေးသူတွေဟု အသိအမှတ်ပြုကြသလဲ။

စေတနာနဲ့ အခမဲ့ကူညီသူ ဖြစ်ပါတယ်။ လူမှုရေးကဏ္ဍများနှင့် အကြောင်းကိစ္စများအတွက် ကူညီပေးသည့်အပြင် ဥပဒေအသိအမြင် ပြန့်ပွားလာစေရန်၊ ဥပဒေအခွင့်အရေးများ ရရှိလာရေးအတွက်လည်း စေတနာနဲ့ အခကြေးငွေမယူဘဲ လုပ်ဆောင်လိုစိတ်ရှိသူတွေ ဖြစ်ပါတယ်။ စည်းရုံးလှုံ့ဆော်ရေး စီမံချက်များကို ကူညီလုပ်ဆောင်ရာတွင် ၎င်းတို့၏ လုပ်ဆောင်မှုသည် ရပ်ရွာလူထုအတွက် ဦးဆောင်မှုများ တိုးတက်စေရန် အရေးကြီးတဲ့ အခန်းကဏ္ဍတွင်ပါဝင်ပြီး မျှော်လင့်မထားသော အခြေအနေများ ရင်ဆိုင်နေရသည့် ရပ်ရွာလူထုများအား ဥပဒေဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးလျက် မိသားစုဝင်များအား ၎င်းတို့၏ နေထိုင်မှု ဘဝများကို ပကတိအတိုင်းဖြစ်အောင် ဆောင်ရွက်ပေးခြင်းဖြင့် အဓိက အခန်းကဏ္ဍတွင် ရှိနေသည့် ကူညီပံ့ပိုးသူများကိုလည်း "ဥပဒေအထောက်အကူပေးသူ" ဟု အသိ အမှတ်ပြုကြပါတယ်။

### (၃.၁) ရှေ့နေမဟုတ်တဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးသူ (Paralegals) အဖြစ် ဘယ်သူတွေက "ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ" အရ လျှောက်ထားနိုင် သလဲ။



အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခု ခုမှာ ဥပဒေပညာ သင်ယူနေတဲ့သူနဲ့ အဲဒီတက္ကသိုလ် တစ်ခုခုက ဥပဒေဘွဲ့ရရှိပြီးသူ (ဥပဒေ ပုဒ်မ ၂၁ - က) နှင့် ဥပဒေဘွဲ့မရရှိပေမယ့် တရားစီရင်ရေးလုပ်ငန်း၊ ဥပဒေနဲ့ သက်ဆိုင်တဲ့ လုပ်ငန်း၊ ဒါမှမဟုတ် ရုံးဌာနတွေမှာ အတွေ့အကြုံရှိသူတွေ လျှောက်ထားနိုင်ပါတယ်။ (ဥပဒေ ပုဒ်မ ၂၁ - ခ)

ဥပဒေဘွဲ့ရတစ်ယောက်မဟုတ်ပေမယ့်လည်း ဥပဒေနဲ့ သက်ဆိုင်တဲ့ လုပ်ငန်း၊ ရုံး၊ ဌာနတွေမှာ လုပ်ကိုင်ခဲ့ဖူးတဲ့ အတွေ့အကြုံရှိရင် ဥပဒေအထောက်အကူပေးသူအဖြစ် အသိအမှတ်ပြုပေးဖို့ လျှောက်ထားခွင့်ရှိပါတယ်။ ဒါပေမယ့်လည်း နည်းဥပဒေအရတော့ တရားဝင်အသိအမှတ်ပြုတဲ့ ဥပဒေဆိုင်ရာအထောက်အကူပြုသင်တန်းမှာ တက်ရောက်ပြီး အောင်မြင်၍ လက်မှတ်ရရှိပြီးမှ လျှောက်ထားခြင်းဖြင့် ဥပဒေအထောက်အကူပေးသူအဖြစ် ဆောင်ရွက်ခွင့်ရှိပါတယ်လို့ ထုတ်ပြန်ထားတာ တွေ့ရပါတယ်။ ဥပဒေပြုလွှတ်တော်ကပြဋ္ဌာန်းတဲ့ ပင်မဥပဒေနဲ့ တရားစီရင်ရေးက ထုတ်ပြန်တဲ့ နည်းဥပဒေတို့ ဆန့်ကျင်ကွဲလွဲနေရင်တော့ နည်းဥပဒေကို အကောင်အထည်ဖော်ရာတွင် ခက်ခဲမှာဖြစ်ပြီး ပင်မဥပဒေပဲ တရားဝင်အာဏာ သက်ရောက်၍ အကောင်အထည်ဖော်ရာတွင် လွယ်ကူချောမွေ့မှာ ဖြစ်ပါတယ်။

ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးနည်းဥပဒေပုဒ်မ ၂၆အရ “အလုပ်သင်ရှေ့နေများ၊ တက္ကသိုလ် ပညာသင်ယူနေသော ဥပဒေကျောင်းသားများ၊ ရပ်ရွာအတွင်း လူမှုရေးစိတ်ပါဝင်စားသူပုဂ္ဂိုလ်များသည် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူအဖြစ် ဆောင်ရွက်လိုပါက ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် သို့မဟုတ် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အသိအမှတ်ပြုသည့် ဥပဒေဆိုင်ရာ အထောက်အကူပြုသင် တန်းကို တက်ရောက် အောင်မြင်ပြီးကြောင်း အထောက်အထားလက်မှတ် ရရှိပြီးနောက်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ရန် သက်ဆိုင်ရာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့တွင် လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ အသိအမှတ်ပြု အဖွဲ့အစည်း တခုခုတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဥပဒေဆိုင်ရာ အထောက်အကူပေးသူ အဖြစ်ဆောင်ရွက် ပေးခွင့်ရှိသည်”ဟု ထုတ်ပြန်ထားပါတယ်။

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းဥပဒေအရ အသိအမှတ်ပြုမယ့် ရှေ့နေမဟုတ်တဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးသူနှင့် စပ်လျဉ်းတဲ့ လုပ်ငန်းစဉ်တွေက နှောင့်နှေးနေဆဲ ဖြစ်ပါ တယ်။ အဲဒီလုပ်ငန်းစဉ်ကို မကြာခင်မှာ အကောင်အထည်ဖော် ဆောင်ရွက်လိမ့်မယ်လို့ အားလုံးကမျှော်လင့်ယုံကြည်နေကြပါတယ်။

# အခန်း (၄)

## ဥပဒေအထောက်အကူပေးသူများ၏ အခန်းကဏ္ဍက ဘာလဲ။



ပွင့်လင်းလာသော ဒီမိုကရေစီခေတ်ဦးတွင် ဥပဒေအထောက်အကူပေးသူများသည် အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် အထူးသဖြင့် ငွေကြေးလုံလောက်မှု မရှိသူများအတွက် တရားမျှတမှုရရှိစေရန် အခမဲ့ကူညီဆောင်ရွက်ပေးသူများဖြစ်တယ်။ အမှုကိစ္စကြုံရသူများကို ရှေးဦး ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကဲ့သို့ ဦးစွာ ဖေးမကူညီ ဖြေရှင်းပေးသူများလို့လည်း ဆိုကြတယ်။ အမှုကိစ္စပြဿနာများကို ကူညီဖြန်ဖြေပေးခြင်း၊ စေ့စပ်ညှိနှိုင်းပေးခြင်း၊ ဥပဒေရေးရာ အချက်အလက်ပေးခြင်း၊ တင်ပြတောင်းဆိုပေးခြင်း၊ သက်ဆိုင်ရာ ဥပဒေပညာရှင်များ၊ ပြည်သူ့ရှေ့နေရှေ့ရပ်များ၊ အရပ်ဘက်အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ ပြည်သူများကို စွမ်းရည်မြှင့်တင်ပေးခြင်း၊ စုပေါင်း

ဆောင်ရွက်မှု အလေ့အကျင့်များရရှိအောင် လေ့ကျင့်ပေးခြင်း၊ မိမိတို့၏ လူ့ခွင့်အရေး ရပိုင်ခွင့်နှင့် ဥပဒေ အခွင့်အရေးများကို ဘယ်လို ကာကွယ်စောင့်ရှောက်ရမလဲဆိုတာကို ပညာပေးသင်တန်း ပို့ချခြင်း၊ ဟော ပြော ဆွေးနွေးခြင်းတို့ကို တက်ကြွစွာ ပြုလုပ်၍ ဥပဒေအထောက် အကူပေးနေသူ တွေဖြစ်ပါ တယ်။

ဥပဒေအထောက်အကူပေးသူများဟာ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ခိုင်မာရေးတွင် တာဝန်သိသည့် ပြည်သူများ၏ ပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးနေကြသူများဖြစ်တယ်။ ဒီမိုကရေစီစနစ်၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတွင် အများပြည်သူပါဝင်မှု အရေးကြီးသလို တရားစီရင်ရေးတွင်လည်း ပြည်သူလူထုယုံကြည်ပါဝင်မှုသည် အဓိကဖြစ်သည့်အတွက် ပြည်သူလူထုကို ဥပဒေဆိုင်ရာ အသိပညာ ပေးပြီး အမှုအခင်းများတွင် ကူညီပေးနေကြသည့် ဥပဒေအထောက်အကူပေးသူများသည် တရားဥပဒေ စိုးမိုးရေးအတွက် ပါဝင်ကူညီနေကြသူများဖြစ်တယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် ဥပဒေ အထောက်အကူပေးသူများသည် မျှတသော တရားစီရင်ရေး (Fair Trial) ကို ပြည်သူအားလုံးလက်လှမ်း မှီစေနိုင်ရန် အခြေခံလူထုနှင့် ရှေ့နေများကြား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးပြီး တရားဥပဒေ စိုးမိုးရေးကို မြှင့်တင်ရာတွင် တရားစီရင်ရေးမဏ္ဍိုင်ကို အရေးပါတဲ့ကဏ္ဍမှ ဖြည့်ဆည်း ကူညီတည့်မတ် ပေးနေကြသူများ ဖြစ်ပါတယ်။

# အခန်း (၅)

## ဥပဒေအထောက်အကူပေးသူများ၏ စောင့်ထိန်းရမယ့် ကျင့်ဝတ်စည်းကမ်းများ၊ တာဝန်များနှင့် စည်းကမ်းများက ဘာတွေလဲ။



ဥပဒေအထောက်အကူပေးသူများဟာ ရှေ့နေများကဲ့သို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်သိက္ခာဆိုင်ရာ တာဝန်ဝတ္တရားများ ရှိပါတယ်။ (ရှေ့နေကျင့်ဝတ်စာအုပ်ကိုလည်း လေ့လာသင့်ပါတယ်။ ဥပဒေ အထောက်အကူပေးသူတစ်ယောက်သည် မိမိ၏ လုပ်ငန်းတာဝန်များ အားလုံးကို ပညာရှင် ပီသစွာ ထမ်းရွက်ရန်၊ ကျင့်ဝတ်လိုက်နာရန် တာဝန်ရှိပါတယ်။ ပညာရှင်ပီသစွာဟု ဆိုရာတွင် ဥပဒေကြောင်းအရ အကူအညီလိုအပ်သူ (အမှုသည်) အပေါ် သစ္စာစောင့်သိမှုရှိခြင်း၊ ပုဂ္ဂိုလ်ရေးအကြောင်း အရာများကို မပေါက်ကြားအောင်ထိန်းသိမ်းနိုင်ခြင်း၊ အချိန်တိကျမှုရှိခြင်း၊ ကောင်းမွန်စွာ ဆက်ဆံပြော ဆိုရှင်းပြနိုင်မှု၊

ရှိခြင်းနှင့် စိတ်ဝင်တစား ထောက်ခံ အားပေးခြင်း တို့ ရှိကြရမှာ ဖြစ်ပါတယ်။

ဥပဒေအထောက်အကူပေးသူတစ်ဦးအနေနဲ့ အောက်ပါ တာဝန်ဝတ္တရားများ လိုက်နာဆောင်ရွက်ရန်လည်း တာဝန်အပြည့်အဝ ရှိပါတယ်။

- ဥပဒေအသိပညာပေးမှုဝေရန်၊
- တရားစီရင်ရေး၏ လုပ်ထုံးလုပ်နည်းကို ရှင်းလင်းပြောကြားရန်၊
- အမှုဖြစ်အကြောင်းခြင်းရာ အချက်အလက်များနှင့် သက်သေခံချက်ကို စုံစမ်းခြင်း၊ စစ်ဆေးခြင်း၊ လေ့လာမှတ်တမ်းယူခြင်း၊ မပေါက်ကြားအောင် ထိန်းသိမ်းရန်၊
- သက်သေခံချက်ကို စုံစမ်းစစ်ဆေးရန်၊
- သက်သေများအား ရှာဖွေပေးခြင်းနှင့် တွေ့ဆုံမေးမြန်းရန်၊
- အမှုအတွက် အချိန်ဇယားနှင့် မဟာဗျူဟာချမှတ်ရန်၊
- အမှုဖြစ်အကြောင်းခြင်းရာကို ရှင်းရှင်းလင်းလင်းနားလည်အောင်လေ့လာရန်၊
- ဥပဒေအကြောင်းခြင်းရာကို လေ့လာရန်၊
- အမှုနှင့်တရားရုံးတွင် တင်ပြရမည့် စာရွက်စာတမ်းများ ပြင်ဆင်ခြင်း၊ မပေါက်ကြားအောင် ထိန်းသိမ်းရန်၊
- အငြင်းပွားမှု ဖြေရှင်းသည့် အခြားနည်းလမ်းကို ထည့်သွင်းစဉ်းစားရှာဖွေခြင်း၊ ကူညီဖြေရှင်းပေးရန် ကြိုးပမ်းရန်၊
- အမှုသည်ကို ရှေ့နေများ၊ အာဏာပိုင်များ၊ အဖွဲ့အစည်းများနှင့် ကူညီချိတ်ဆက်ပေးခြင်း၊ လမ်းညွှန်ပေးရန်၊

- ဥပဒေအခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို ရိုးသားစွာ အကြံပြုရန်၊
- အမှု၏ အားသာချက်နှင့် အားနည်းချက်များကို နားလည်အောင်လေ့လာပြီး အကြံပြုပေးရန်၊
- တရားရုံးတွင် အမှုသည်ဘက်မှ ကိုယ်စားပြု ပြောဆိုရှင်းပြပေးရန်၊
- အမှုနှင့်ပတ်သက်သည့် အရေးကြီးသည့်ဆုံးဖြတ်ချက်များကို အမှုသည်မှသာ ဆုံးဖြတ်စေရန်၊

ဥပဒေအထောက်အကူပေးရာမှာ ဘယ်သူ့ကို သာစေ၊ ဘယ်သူက နာစေ သဘောမထားပဲ တရားမျှတမှု (အမှန်တရား) ကိုသာ ရှာဖွေရန် အာရုံစိုက် လုပ်ဆောင်ရပါမယ်။ အဂတိတရား လုံးဝ ကင်းရှင်း ရပါမယ်။ ဘယ်သူ့ကိုမှ မတရား မထိခိုက်မိစေရန် သတိကြီးစွာထားပြီး လုပ်ဆောင်သင့်ပါတယ်။

# အခန်း (၆)

## ဥပဒေအထောက်အကူပေးသူတစ်ဦးမှာ ရှိရမယ့် အရည်အချင်းတွေက ဘာတွေလဲ။



ဥပဒေအထောက်အကူပေးသူတစ်ဦးသည် ရာဇဝတ်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးပြဋ္ဌာန်းဥပဒေများ၊ တရားမကျင့်ထုံးဥပဒေ၊ တရားစီရင်ရေး၏ လုပ်ထုံးလုပ်နည်းများ၊ အငြင်းပွားမှုများကိုဖြေရှင်း နိုင်မည့် နည်းလမ်းများ၊ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ကလေးသူငယ်များ အခွင့်အရေးများကို သိရှိရပါမယ်။ ထိခိုက်လွယ်သည့် အခြေခံလူတန်းစားများအား အခကြေးငွေ တစ်စုံတစ်ရာ မယူဘဲ ဥပဒေဆိုင်ရာ ပြဿနာရပ်များနှင့် အငြင်းပွားမှုများကို အဖြေရှာရန် အကြံပေးနိုင်ပြီး ကူညီဖြေရှင်းပေး နိုင်ရန် ဗဟုသုတပြည့်စုံကြရမယ်။ အမှန်တရားဘက်က ရပ်တည်ဝံ့သည့် သတ္တိရှိရပါမယ်။

ဥပဒေအထောက်အကူပြုသူအနေဖြင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ၏ အခြေခံသဘော

တရားများကို သိရှိနားလည်ထားမှသာ အမှုသည်များ၏ ပြဿနာများကို ဆန်းစစ်ပြီးအမှုကိုခွဲခြားနားလည်နိုင်မှာဖြစ်ပါတယ်။ ထိုသို့ အမှုများကို ခွဲခြား ဆန်းစစ်နိုင်ရန် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများကို သိရှိထားရမယ်။ သို့မှသာ အမှုသည်အား ကောင်းမွန်စွာ အကြံပေးနိုင်ပြီး၊ အချိန်တိုအတွင်း အမှုသည် သွားရမည့် လမ်းကြောင်း(သို့) ဌာနများသို့ ချိတ်ဆက်လုပ်ဆောင်နိုင်မယ်။ ဥပဒေပြဿနာများကို ဖြေရှင်းဖူးသည့် အတွေ့အကြုံရှိလျှင် ပိုမို၍ ထိရောက်ပါတယ်။ ထို့အပြင် ဥပဒေအထောက်အကူပြုသူတစ်ဦး လက်တွေ့လုပ်ငန်းများ လုပ်ဆောင်ရာတွင် အောက်ပါအရည်အချင်းများမှာ မရှိမဖြစ်လိုအပ်ပါတယ်။

## ၆.၁ ချိတ်ဆက်၊ ပြောဆို၊ ဆက်ဆံရေးဆိုင်ရာ အရည်အချင်း (Communication Skill)

ဥပဒေအထောက်အကူပေးသူတွင် လူမှုဆက်ဆံရေးကောင်းမွန်သည့် ပင်ကိုယ်အရည် အချင်းရှိလျှင် ဥပဒေအထောက်အကူပေးရေးအလုပ်အတွက် ပိုမိုထိရောက်ကောင်းမွန်ပါတယ်။ နည်းပညာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုရှိရပါမယ်။ သို့မှသာ ဥပဒေအထောက်အကူပေးရေး လုပ်ဆောင်သည့်အခါ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များနှင့် အချိန်ကုန်သက်သာစွာဖြင့် အလွယ်တကူချိတ်ဆက် ဆက်သွယ်နိုင်မှာ ဖြစ်ပါတယ်။

ဥပဒေအထောက်အကူပေးသူသည် စိတ်ရှည်၍ ကိုယ်၊ နှုတ်၊ အမူအရာ ပြေပြစ်လျက် စေတနာနှင့် အမှုသည်များကို ကူညီသင့်ပါတယ်။ ဥပဒေအထောက်အကူပေးရာတွင် ဘယ်သူက သာစေ၊ ဘယ်သူက နာစေ သဘောမထားဘဲ တရားမျှတမှုကိုသာ ရှာဖွေရန် အာရုံစိုက် လုပ်ဆောင်ရပါတယ်။ အဂတိတရား ကင်းရှင်း ရပါမယ်။ မည်သူ့ကိုမျှ မတရား မထိခိုက်စေရန် လုပ်ဆောင်သင့်ပါတယ်။ (Do No Harm) မိမိကြောင့် ဘယ်သူမှ မထိခိုက်စေရဟု နှလုံးမူထားသင့်ပါတယ်။ အပြောအဆို ကောင်းသူ၊ အမှန်ကို ပြောသူဖြစ်သင့်ပါတယ်။

## ၆.၂ စေ့စပ်ဆော်ဩခြင်းနှင့်တိုက်တွန်းအရေးဆိုခြင်းအရည်အချင်း (Advocacy and Facilitation Skill)

ဥပဒေအထောက်အကူပေးသူတစ်ဦးတွင် စေ့စပ်ဆော်ဩခြင်းနဲ့ တိုက်တွန်းအရေးဆိုခြင်း အရည်အချင်းသည် မရှိမဖြစ်လိုအပ်ပါတယ်။ အမှုအခင်းများကို ဖြေရှင်းနိုင်ရန် ရှေ့နေနှင့် တရားခွင်တွင် ကူညီပေး

ရှိနဲ့ မလုံလောက်ပါဘူး။ ခေတ်နဲ့မဆီလျော်တဲ့ မူဝါဒတွေ၊ ပြည်သူလူထုအကျိုးစီးပွားကို အဟန့်အတား ဖြစ်နေတဲ့ မမျှတတဲ့ ဥပဒေတွေကို ပြုပြင်ပြောင်းလဲပေးရေးအတွက် စေ့စပ်ဆော်သြခြင်းနဲ့ တိုက်တွန်း အရေး ဆိုခြင်းတို့ ပြုလုပ်ဖို့လည်း လိုအပ်ပါမယ်။

တိုက်တွန်းအရေးဆိုခြင်းဆိုတာ သုတေသနပြုလုပ်ထားတဲ့ သတင်းအချက်အလက်ခိုင်လုံစွာဖြင့် မူဝါဒ/ပေါ်လစီဆိုင်ရာ အကြောင်းအရာကို ဆုံးဖြတ်ချက်ချသူများ ထောက်ခံအားပေး၊ ပြုပြင်ပြောင်းလဲလာ စေရန် ရည်ရွယ်ပြီး လုပ်ဆောင်သည့် လုပ်ဆောင်မှုဖြစ်ပြီး၊ တိကျသည့် မျှော်မှန်းချက်နဲ့ ပြန်လည်တိုင်းတာ နိုင်သည့် ရည်မှန်းချက်များလည်းရှိပါတယ်။ ထိုသို့လုပ်ဆောင်ရာမှာ အချိန်တိုအတွင်းတွင် သတ်မှတ်ထား သော ရည်မှန်းချက်များ ရရှိအောင်မြင်နိုင်ပေမယ့် စနစ်တကျ ရေရှည်လုပ်ဆောင်နိုင်မှသာ မျှော်မှန်းချက် ပြည့်ဝနိုင်ပါတယ်။

တစ်နည်းအားဖြင့် တိုက်တွန်းစည်းရုံးလှုံ့ဆော်ခြင်းဆိုတာက လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ် တန့်ရန် (သို့) ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သော မည်သည့်အကြောင်းအရာမျိုးကိုမဆို လုပ်ဆောင်ခြင်းမှ ရပ်တန့်ရန် ပြည်သူလူထုမှ ဝိုင်းဝန်းတောင်းဆိုခြင်း၊ ဥပဒေပြုရေး တာဝန်ရှိသူများကို အဓိကထား၍ တွေ့ဆုံအရေးဆိုခြင်း (သို့) စည်းရုံးခြင်း ဖြစ်တယ်။

စေ့စပ်ဆော်သြရာတွင် လက်ရှိမိမိတာဝန်ယူထားသော အုပ်စုတစ်စု၏ ဖြေရှင်းလုပ်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်နေသော ပြဿနာများ (သို့မဟုတ်) အကြောင်းအရာနှင့်ပတ်သက်၍ အောင်မြင်စွာ ပြီးစီးစေရန်အတွက် လုပ်ဆောင်နေမှုလုပ်ငန်းစဉ်အပေါ် ထိန်းသိမ်းလမ်းကြောင်းပေးခြင်း၊ ယုံကြည်မှုနှင့် ပွင့်လင်းမှုရှိသည့်ပတ်ဝန်းကျင်ကိုဖန်တီးပေးပြီး၊ ထိုပတ်ဝန်းကျင်အတွင်းအမြင်မတူညီမှုများကိုလေးစားပြီး မိမိတို့ယူဆသည့်အတိုင်း ပွင့်လင်းစွာ တင်ပြရဲသော အနေအထားမျိုးရှိအောင် လုပ်ဆောင်ပေးရမှာ ဖြစ်ပါ တယ်။

## ၆.၃ မှတ်တမ်းတင်ခြင်းအရည်အချင်း (Documentation Skill)

ဥပဒေအထောက်အကူပြုသူတဦးဟာ မိမိအမှုသည်ကိုစွ ကူညီလုပ်ဆောင်ပေးရာမှာ လူ့အခွင့် အရေးချိုးဖောက်မှု(သို့) အမှုနှင့်ပတ်သက်သည့် အကြောင်းအရာ၊ အဖြစ်အပျက် (သို့) အခြေအနေတစ်ခု

အပေါ် စုံစမ်းစစ်ဆေးပြီး အချက်အလက်များ စုဆောင်းရုံသာမက ရရှိလာသော အချက်အလက်များကို လူအများမှ တွင်တွင်ကျယ်ကျယ် သိရှိလာအောင် လုပ်ဆောင်တတ်ရန်လည်း လိုအပ်ပါတယ်။ အချက်အလက်စုဆောင်း၍ စုံစမ်းခြင်းသာမက သုတေသနပြုလုပ်ခြင်း၊ မှတ်တမ်းပြုစုခြင်းသည် အရေးကြီးပါတယ်။

"နှုတ်တစ်ရာ စာတစ်လုံး" လို့ ဆိုစမှတ်ရှိကြတယ်။ မိမိ ပတ်ဝန်းကျင်မှာ ဘယ်နေ့က ဘယ်လိုအမှုအခင်း သတင်းစတင်ကြားတာကအစ မှတ်တမ်းတင်ထားခြင်းမှာ ပြဿနာဖြေရှင်းရာမှာ များစွာအထောက်အကူပြုလာနိုင်ပါတယ်။ ဒါကြောင့် စနစ်တကျ ရေးမှတ်ထားရန် အလေ့အကျင့်ရှိဖို့ လိုအပ်ပါတယ်။ ရရှိသမျှ အချက်အလက် စုဆောင်းထားရပါမယ်။ အထူးသဖြင့် ဘယ်သူနဲ့ ဘယ်သူတွေ ဘာဖြစ်တာလဲ။ အမှုဖြစ်စဉ်အကြောင်းအရာ၊ အမှုဖြစ်သူတွေရဲ့ကိုယ်ရေးအကျဉ်း၊ အမည်အပြည့်အစုံ၊ နေရပ်လိပ်စာ၊ ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်တွေ၊ အသက်အရွယ်၊ မိမိရဲ့ သုံးသပ်အကြံပြုချက်နဲ့ ဘယ်လိုကူညီမယ်လို့ ပြောခဲ့သလဲ စသည်ဖြင့် အမှုအခင်းနဲ့ ပတ်သက်သမျှ မှတ်သားထားတာ တကယ်အရေးပါ ပါတယ်။

## ၆.၄ ဆွေးနွေးညှိနှိုင်းနှင့် ကြားဝင်ဖျန်ဖြေပေးသည့် အရည်အချင်း(Negotiation and Mediation Skill)

ပြဿနာများကို အချိန်ကုန်၊ ငွေကုန်၊ စိတ်ဆင်းရဲမှုသက်သာစွာဖြင့် ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုမှာ ပြဿနာဖြစ်ပွားနေသည့် လူများအကြား သို့မဟုတ် အဖွဲ့အစည်းများအကြား ညှိနှိုင်းပေးခြင်းပင်ဖြစ်သည်။ ပြဿနာဖြစ်ပွားနေသူများသည် လိုလိုလားလား ညှိနှိုင်းလိုစိတ်ရှိမှ ညှိနှိုင်းပေးတာက ပို၍ သင့်လျော်ပါတယ်။ သို့မဟုတ်ပါက ညှိနှိုင်းပေးသူကို အထင်အမြင်လွဲပြီး ခြိမ်းခြောက်မှုလို အမှုမျိုးဖြင့် စွပ်စွဲတတ်ကြပေရာ သတိကြီးစွာ ထားသင့်ပါတယ်။ ထို့ကြောင့် မိမိအနေဖြင့်လည်း ညှိနှိုင်းပေးသူတစ်ဦး လိုက်နာရမယ့် ကျင့်ဝတ်ကို ကောင်းစွာလိုက်နာသင့်ပါတယ်။ အရိပ်အကဲကို ကောင်းစွာနားလည်အောင် သတိဆောင်ရပါမယ်။

မိမိပတ်ဝန်းကျင်မှ ဥပဒေအထောက်အကူပေးသူ မိမိအပေါ် အများယုံကြည်အောင် သမာသမတ်ရှိရှိနေထိုင်သင့်ပါတယ်။ အများပြည်သူက လေးစားချစ်ခင်ယုံကြည်သူဖြစ်ပါက မိမိပတ်ဝန်းကျင်တွင်ဖြစ်ပေါ်လာသည့် ပြဿနာရှိသူများအကြား ကြားဝင်ဖျန်ဖြေပေးနိုင်မည့် အခွင့်အရေး ပေါ်ပေါက်လာတတ်ပါတယ်။ အဲဒီလိုအခွင့်အရေးကိုအသုံးပြုပြီး တစ်ဘက်နှင့် တစ်ဘက် ညှိနှိုင်းကြသော်လည်း မပြေလည်ကြ

သည့်သူများအတွက် ဘယ်သူက မှားတယ်၊ မှန်တယ်လို့ မိမိထင်မြင်ချက်ကို မပေးဘဲ နှစ်ဘက်အကြား တွေ့ဆုံနိုင်အောင်၊ ညှိနှိုင်းအဖြေရှာနိုင်အောင် ကူညီနိုင်ပါတယ်။ တဆက်တည်းမှာ မိမိအနေဖြင့် ကြီးသော အမှုငယ်စေ၊ ငယ်သောအမှု ပပျောက်စေရန် နှစ်ဦးနှစ်ဘက် အတွက် လုံခြုံစိတ်ချရသည့် နေရာထိုင်ခင်း ဖန်တီး ပေးပြီး တွေ့ဆုံပြောဆိုစေသင့်ပါတယ်။

### ၆.၅ လွှဲပြောင်းပေးအပ်ခြင်း (Referral Skill)

ဥပဒေအထောက်အကူပေးသူတွေအနေနဲ့ မိမိတို့ လေ့လာသင်ယူထားသည့်အတွေ့အကြုံဖြင့် အကြံပြုဖြေရှင်းပေးနိုင်မည့် ပြဿနာများ ရှိနိုင်ပါတယ်။ ဒါပေမယ့် ပြဿနာသည် ဥပဒေအရ မဖြစ်မနေဖြေ ရှင်းရမည့်ကိစ္စများ ဖြစ်နေသည်ဟု သိရှိသည်နှင့်တပြိုင်နက် ဥပဒေအရ အရေးယူရန်နှင့် အရေးယူမှုများ ကို ရင်ဆိုင်ဖြေရှင်းရန် စနစ်တကျ အကြံပြုပေးနိုင်မည့် ဥပဒေအထောက်အကူပေးတဲ့ရှေ့နေ၊ ဥပဒေ အထောက် ကူပေးတဲ့ အဖွဲ့အစည်းများ၊ အမှုကိစ္စတစ်ခုချင်းအလိုက် အထူးပြု ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများ ဖြစ်သည့် ကလေးသူငယ်အခွင့်အရေး ကာကွယ်သည့် အဖွဲ့အစည်းများ၊ အမျိုးသမီးအခွင့်အရေး ကာကွယ် သည့်အဖွဲ့အစည်းများ၊ လူကုန်ကူးမှု ကာကွယ်သည့်အဖွဲ့အစည်းများ၊ အလုပ်သမား အခွင့်အရေးကာကွယ် သည့်အဖွဲ့အစည်းများနှင့် သဘာဝပတ်ဝန်းကျင် အရေးဆောင်ရွက်သည့် ရှေ့နေအဖွဲ့အစည်းများထံသို့ လွှဲပြောင်း ညွှန်ပို့ပေးသင့်ပါတယ်။ ဘယ်လိုအမှုမျိုးဆိုလျှင် ဘယ်အဖွဲ့ထံသို့ လွှဲပြောင်းပေးရမည်ကို သိရှိထား ရပါမယ်။

# အခန်း (ဂ)

## ဥပဒေအထောက်အကူပေးနေစဉ်တွင် သတိပြုရှောင်ကြဉ်ရမည့် အချက်များ

ဥပဒေအထောက်အကူပေးတဲ့အလုပ်ကို လုပ်ကိုင်တဲ့အခါမှာ သတိပြုရှောင်ရှားရမယ့် အကြောင်းအရာတချို့ရှိပါတယ်။ အကူအညီပေးတာပဲ၊ စေတနာနဲ့လုပ်တာပဲ၊ ဘာမဆို ပြောဆို ကတိပေး လုပ်ကိုင်လို့ရတယ်လို့ သဘောမထားသင့်ပါဘူး။ ပြဿနာရှိနေတဲ့သူ (အမှုသည်) တွေအနေနဲ့က မတရားအနိုင် လိုချင်တာတွေ၊ ဥပဒေအထောက်အကူပေးသူကို ပြည့်ပြည့်ဝဝ မပြောဘဲ ထိန်ချန်တာတွေ၊ မမှန်မကန် လိမ်လည်ပြောဆိုတာတွေ ရှိနေနိုင်ပါတယ်။ ရာနှုန်းပြည့် ရိုးသားဖြူစင်တယ်လို့ လွယ်လွယ် မယုံမိဖို့၊ ဂရုဏာတွေ ဖုံးလွှမ်းပြီး အမှန်တရားက မှုန်ဝါး ဇဝေဇဝါ မဖြစ်စေအောင် သတိပြုရပါမယ်။ အထူးသဖြင့် အောက်ဖော်ပြပါ အချက်များကို သတိပြုရှောင်ကြည်စေချင်ပါတယ်။

- အမှုနိုင်အောင် ကူညီပေးပါမည်လို့ ဘယ်သူ့ကိုမှ ကတိမပေးမိပါစေနဲ့။ ဥပဒေအထောက်အကူပေးသူသည် မိမိကူညီနေတဲ့ အမှုသည်ရဲ့ ဥပဒေအခွင့်အရေး ရရှိနိုင်ရန်အတွက် မိမိတတ်စွမ်းသမျှ ကူညီ နိုင်သော်လည်း အမှုအနိုင်အရှုံးကို အဆုံးအဖြတ် ဆုံးဖြတ်ပေးသူ မဟုတ်သည့်အတွက် အနိုင်အရှုံးကို ကြိုသိနိုင်မည် မဟုတ်ပါ။ "နိုင်ရမည်" ဟု မပြောမိစေရန် သတိထားသင့်တယ်။ အမှုသည်ကတော့ ကျွန်တော်/ မ ဘက်က မတရားခံရတာ၊ လုပ်ကြံခံရတာ၊ အနိုင်ကျင့်ခံရတာ၊ ကျွန်တော်/မ တို့က ရိုးသားဖြူစင်ကြောင်း၊ စာရွက်စာတမ်း သက်သေခံအထောက်အထား၊ လူသက်သေများရှိကြောင်း ထပ်ခါထပ်ခါ အကြိမ်ကြိမ်ပြောပြီး ဒီအမှုနိုင်မှာလား၊ နိုင်အောင် ကူညီမှာလား ခဏခဏ မေးပါလိမ့်မယ်။ ဒါကြောင့် ဥပဒေအထောက် အကူပေးသူဟာ မိမိတို့၏ အခန်းကဏ္ဍကို အမှုသည်နားလည်အောင် ရှင်းပြနိုင်ဖို့ လိုအပ်ပါတယ်။ ကြိုးပမ်းအားထုတ်ပြီး ကူညီပါမယ်လို့ ဖြေဆိုတာက ကတိပေးတာထက် ပိုကောင်းပါတယ်။ မိမိတို့အနေဖြင့် ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်သူမဟုတ်ကြောင်း နားလည်အောင်ရှင်းပြသင့်ပါတယ်။

- လျှို့ဝှက်သိမ်းထားရန် (Maintaining Confidentiality) လိုအပ်တယ်။ ဥပဒေအထောက်အကူပေးသူသည် မိမိကူညီနေသည့် အမှုသည်၏ ခွင့်ပြုချက်မရှိပဲ အမှုဖြစ်အကြောင်းခြင်းရာများကို

မည်သူကိုမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုသင့်ပါ။ ထိုသို့ ထုတ်ဖော်ပြောဆိုမှာ မဟုတ်ကြောင်း၊ ယခု အမှု (အကြောင်းအရာ ပြဿနာ) နှင့် ပတ်သက်ပြီး နောက်နောင်မှာ ကူညီဖို့ အခွင့်အရေးမရှိတော့လျှင်လည်း ထိုသို့ လျှို့ဝှက် ရမည့် အမှုသည်ရဲ့ပုဂ္ဂိုလ်ရေးကို ဘယ်သူ့မှ ထုတ်ဖော်ပြောဆိုမှာ မဟုတ်ကြောင်း အမှုသည်အား နားလည်အောင် ရှင်းပြသင့်ပါတယ်။

- ရိုးသားမှုရှိရန် အထူးလိုအပ်တယ်။ Honesty is the best policy (ရိုးသားမှုက အကောင်းဆုံး ပေါ်လစီပါ) ဆိုပြီး ဆိုရိုးစကားကို ရင်ဝယ်ပိုက်ထားသင့်တယ်။ ဥပဒေအထောက်အကူပေးသူသည် မရိုးမ ဖြောင့်သော သဘောဖြင့် အမှုသည်တစ်ဦး၏ အမှုကို ကူညီဟန်ဆောင်ပြီး နစ်နာအောင် မပြုလုပ် သင့်ပါဘူး။ (Do no harm!)

- မိမိကိုယ်ကျိုးကြည့်ပြီး ဥပဒေအထောက်အကူပြုသူအဖြစ် ဆောင်ရွက်မှု မပြုသင့်ပါ။ ထိုသို့ပြုလုပ်ပါက မိမိကြောင့် လူ့အဖွဲ့အစည်းအတွက် အရေးပါတဲ့ ဥပဒေအထောက်အကူပြု သူများရဲ့ အခန်းကဏ္ဍက မေးမှိန်ပြီး ဂုဏ်သိက္ခာကျပါလိမ့်မယ်။ ထိုသို့ လုံးဝ မပြုလုပ်မိအောင် ရှောင်ကြဉ်ရပါမယ်။

- အကျိုးစီးပွားပဋိပက္ခ (Conflicts of Interest) ဖြစ်နိုင်သည့် အမှုကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု မပြုသင့်ပါ။

# အခန်း (၈)

## ဥပဒေအထောက်အကူပေးသူသည် ဘယ်လိုအကြောင်းအရာတွေ (ဥပဒေတွေ) ကို အဓိကထား လေ့လာ သင့်သလဲ။

### ၈.၁ တရားရုံးအဆင့်ဆင့်

နိုင်ငံတော်ရဲ့ တရားစီရင်ရေး အာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့် အဆင့်ဆင့်သော တရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါတယ်။ မြန်မာနိုင်ငံတွင် တရားစီရင်ရေးဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ တစ်ခုဖြစ်ပြီး ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှာ သီးခြား စီ ရပ်တည်ပါတယ်။ (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈)

စစ်ဘက်ဆိုင်ရာတရားရုံးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးများ၏ စီရင်ပိုင်ခွင့် အာဏာများကို မထိခိုက်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရား ရုံးဖြစ်သည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စု တရားစီရင်ရေးဥပဒေအရ တရားရုံးများကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ (၁၄)

ခရိုင်တရားရုံးများ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ (၇၁)

မြို့နယ်တရားရုံးများ (၃၃၀)၊ ဥပဒေအရတည်ထောင်ထားသော အခြားတရားရုံးများ (၂၂)၊
(စည်ပင်သာယာတရားရုံးများ၊ မော်တော်ယာဉ်တရားရုံးများ၊ ကလေးသူငယ်တရားရုံးများ)

## ၈.၂ ဥပဒေအမျိုးမျိုး

မြန်မာနိုင်ငံတွင် ရာဇသတ်ကြီး၊ အထူးအက်ဥပဒေများ၊ တရားမဥပဒေ၊ သက်သေခံဥပဒေ၊ ပဋိညာဉ်ဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ ကုန်ရောင်းဥပဒေ၊ တရားမနစ်နာမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ကာလစည်းကမ်းသတ်ဥပဒေ စသည်ဖြင့် ဥပဒေအမျိုးမျိုးရှိပါတယ်။ ယင်းဥပဒေများဖြင့် တရားမှုခင်း များကို စစ်ဆေးဆောင်ရွက်ပါတယ်။ အထူးသဖြင့် ရာဇသတ်ကြီးဥပဒေကို ဝယ်ယူဖတ်မှတ် လေ့လာသင့် ပါတယ်။

မြန်မာနိုင်ငံ၌ ရာဇဝတ်မှုနှင့် တရားမမှုဟူ၍ အမှုနှစ်မျိုးရှိပြီး၊ ပြစ်မှုသဘောသက်ဝင်သည့် အမှုများ ကို ရာဇဝတ်ကြောင်းဖြင့် အရေးယူ၍ တရားမသဘောသက်ဝင်သည့် အမှုအခင်းများကို တရားမ ကြောင်းဖြင့် အရေးယူဆောင်ရွက်ပါတယ်။

**ရာဇဝတ်မှုနှင့် တရားမမှု ခြားနားချက်များ**

| စဉ် | ရာဇဝတ်မှု | စဉ် | တရားမမှု |
|---|---|---|---|
| ၁ | ပြစ်မှု (ရာဇဝတ်) သဘောသက်ဝင်သည့်အမှု ဖြစ်ရမယ်။ | ၁ | တရားမမှုသဘောသက်ဝင်သည့်အမှုဖြစ်ရမယ်။ |
| ၂ | ရာဇဝတ်ကြောင်းအရ တရားစွဲရမည်။ | ၂ | တရားမကြောင်းအရ တရားစွဲဆိုရမယ်။ |
| ၃ | ရာဇဝတ်မှုအလိုက် သေဒဏ်၊ ထောင်ဒဏ်၊ ငွေဒဏ် အပြစ်ပေးပါတယ်။ | ၃ | လျော်ကြေးပေးရန် ပစ္စည်းလက်ရောက်ပေးရန် မြွက်ဟကြေညာသည့် ဒီကရီချမှတ်ပေးပါတယ်။ |
| ၄ | တရားရုံး၏ ခွင့်ပြုချက်ဖြင့် အမှုကျေအေးခွင့် ရှိတယ်။ | ၄ | မိမိသဘောအလျောက် အချိန်မရွေး အမှု ရုပ်သိမ်း နိုင်တယ်။ နစ်ဖက်ကျေအေးနိုင်တယ်။ |
| ၅ | ရာဇဝတ်ဆိုင်ရာကျင့်ထုံးဥပဒေဖြင့် အရေးယူ ဆောင်ရွက်တယ်။ | ၅ | တရားမကျင့်ထုံးဥပဒေဖြင့် အရေးယူဆောင်ရွက်တယ်။ |
| ၆ | အမှုစွဲဆိုရာ၌ ကာလစည်းကမ်းသတ်မှတ်ချက် မရှိပါ။ အချိန်မရွေး တရားစွဲဆိုနိုင်ပါတယ်။ | ၆ | အမှုစွဲဆိုရန် ကာလစည်းကမ်းသတ်မှတ်ချက်ရှိတယ်။ ကာလစည်းကမ်းသတ်ဥပဒေအရ သတ်မှတ်ထားသည့် ကာလကျော်လွန်ပါက တရားစွဲ၍ မရတော့ပါ။ |

## ၈.၃ ပြစ်မှုသဘောသဘာဝ

ပြစ်မှုဆိုသည်မှာ နိုင်ငံတော်က တားမြစ်ထားသည့် ဥပဒေအပေါ် ပြစ်ဒဏ်ထိုက်သည့် ကျူးလွန်မှုဖြစ်သည်။ ကျူးလွန်သည်ဟု ဆိုရာတွင် ပြုလုပ်သင့်သည်ကို ပျက်ကွက်ခြင်းလည်း ပါဝင်ပါတယ်။ အကျုံးဝင်ပါတယ်။

ပြစ်မှုမဟုတ်ခြင်းဆိုသည်မှာ လူ့ကျင့်ဝတ်၊ ကိုယ်ကျင့်တရား၊ လူ့အကျင့်သိက္ခာ ချိုးဖောက်ခြင်း၊ ကျေးဇူးရှင်ကို ကျေးစွပ်ခြင်း၊ လိမ်ပြောခြင်း၊ အစားကြူးခြင်း၊ မိဘဆရာတို့၏ စကားကိုမနာခံခြင်း၊ ရေနစ်သူအား မကယ်တင်ခြင်း၊ အစာငတ်နေသူအားမကျွေးမွေးခြင်းတို့သည် ကိုယ်ကျင့်သိက္ခာ ဖောက်ဖျက်ရာ ရောက်သော်လည်း ပြစ်မှုမဟုတ်ပါ။

### ပြစ်မှုနှင့် တရားမနစ်နာမှု ခြားနားချက်

| စဉ် | ရာဇဝတ်မှု | စဉ် | တရားမနစ်နာမှု |
|---|---|---|---|
| ၁ | လူ့အဖွဲ့အစည်း (သို့မဟုတ်) ပြည်သူအများအား ထိခိုက်နစ်နာစေမှုဖြစ်တယ်။ | ၁ | တစ်ဦးတစ်ယောက် (သို့မဟုတ်) ပုဂ္ဂလိကနစ်နာမှုဖြစ်တယ်။ |
| ၂ | ရာဇဝတ်မှုတိုင်းမှာ တရားမနစ်နာမှု မဟုတ်ပါ။ | ၂ | တရားမနစ်နာမှု သည် ပြစ်မှု၌ အကျုံးဝင်တယ်။ |
| ၃ | ရာဇဝတ်မှုကို ရာဇဝတ်ကြောင်းအရ တရားစွဲရတယ်။ | ၃ | တရားမနစ်နာမှုကို တရားမကြောင်းဖြင့် တရားစွဲရမယ်။ |
| ၄ | ရာဇဝတ်မှုတွင် ထောင်ဒဏ်၊ ငွေဒဏ်၊ သေဒဏ် ချမှတ်စီရင်နိုင်တယ်။ | ၄ | လျော်ကြေးသာလျှင် ချမှတ်စီရင်နိုင်ပါတယ်။ |
| ၅ | တရားရုံး၏ ခွင့်ပြုချက်ဖြင့် အမှုရုပ်သိမ်းခွင့်ရှိတယ်။ | ၅ | အချိန်မရွေး မိမိသဘောဖြင့် အမှုရုပ်သိမ်းနိုင်တယ်။ ကျေအေးခွင့်ရှိတယ်။ |
| ၆ | ရာဇဝတ်ကျင့်ထုံးဥပဒေကို လိုက်နာရမယ်။ | ၆ | တရားမကျင့်ထုံးဥပဒေကို လိုက်နာရမယ်။ |
| ၇ | ရာဇဝတ်မှုတွင် ကာလစည်းကမ်းသတ်မှတ်ချက်မရှိ။ အချိန်မရွေး တရားစွဲ အရေးယူနိုင်တယ်။ | ၇ | တရားမနစ်နာမှုတွင် စည်းကမ်းသတ်မှတ်ချက်ကာလရှိ၍ အချိန်ကျော်လွန်က အမှုစွဲ၍ မရတော့ပါ။ |

## ၈.၄ ရာဇဝတ်ကျင့်ထုံးဥပဒေမှ ကောက်နုတ်ချက်များ

ရဲအရေးယူပိုင်ခွင့်ရှိသောအမှုဆိုတာ ရဲအရာရှိတစ်ဦးက ရာဇဝတ်ကျင့်ထုံးဥပဒေ ဒုတိယဇယားပါ ပြဋ္ဌာန်းချက်နှင့်အညီ (သို့မဟုတ်) တည်ဆဲ အထူးဥပဒေတစ်ရပ်ရပ်အရ ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရသော ရာဇဝတ်မှုနှင့် အမှုကိုဆိုလိုတယ်။ (ကျင့်ထုံးပုဒ်မ ၄(၁)(စ))

ရဲအရေးယူပိုင်ခွင့်မရှိသောအမှုဆိုတာ ရဲအရာရှိတစ်ဦးက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရသော ရာဇဝတ်မှုနှင့် အမှုကို ဆိုလိုတယ်။ (ကျင့်ထုံးပုဒ်မ ၄ (၁) ... (ဓ))

ရဲအရေးပိုင်မှု (Cognizable Offence) ဆိုတာ ရဲစခန်းသို့ လာရောက်သတင်းပေး တိုင်ကြားသည့် အမှုမှာ ရဲအရေးယူပိုင်ခွင့်ရှိမှသာ ပြစ်မှု၊ အမှုဖြစ်ပါက ရဲက ပထမသတင်းပေးတိုင်ချက် (F.I.R) ရေးဖွင့်ပြီး ဖတ်ပြကာ သတင်းပေးသူက လက်မှတ်ရေးထိုးရမယ်။ (ကျင့်ထုံးပုဒ်မ ၁၅၄၊ ရဲလက်စွဲ ၁၄၁၄)

ရဲအရေးမပိုင်မှု (Non-Cognizable Offence) ဆိုတာ ရဲစခန်းသို့ လာရောက်သတင်းပေးတိုင်ကြားသည့်အမှုမှာ ရဲအရေးယူပိုင်ခွင့်မရှိတဲ့ ရာဇဝတ်မှုဖြစ်ပါက၊ သတင်းပေးတိုင်ချက်ကို ရဲက ရေးမှတ် ပြီး၊ ရဲပုံစံ (က/ခ)တွင် ဖြည့်စွက်ကာ ရာဇဝတ်တရားသူကြီးထံ သွားရောက်ရန် လမ်းညွှန်ပေးရမယ်။ (ကျင့်ထုံး ပုဒ်မ ၁၅၅ (၁) နှင့် တရားရုံးလက်စွဲ ၁၃၄၁)

ရဲအရေးပိုင်မှုကို ရဲကစုံစမ်းထောက်လှမ်းမှု ပြုလုပ်ခြင်းတာဝန်ပေးအပ်ခြင်းခံရသူဟာ ထိခိုက်ဒဏ်ရာ ရရှိသူ (သို့မဟုတ်) သေဆုံးသူအား ရဲက ဆေးရုံသို့ ရဲဆေးစာဖြင့်ပို့ကာ ထင်မြင်ချက်တောင်းခံရတယ်။ တရားခံကို ဖမ်းဆီးစစ်ဆေးခြင်း (အာမခံပေးရမည့်အမှုတွင် အာမခံပေးပြီး အာမခံမပေးရတဲ့ အမှုတွင် အာမခံမပေးဘဲ ချုပ်နှောင်ထားတယ်။ အာမခံပေးခြင်းသည် (မူ)ဖြစ်ပြီး၊ အာမခံမပေးခြင်းမှာ (ခြွင်းချက်) ဖြစ်တယ်။

## ၈.၅ ရာဇဝတ်မှုများကို တိုင်တန်းခြင်း

❖ ရဲအရေးယူပိုင်ခွင့်ရှိသည့် ရာဇဝတ်မှုများကို သက်ဆိုင်ရာ ရဲစခန်း၌ ပထမသတင်းပေးတိုင်ချက် (F.I.R)ဖွင့်၍စတင်တိုင်တန်းရပါတယ်။စာဖြင့်၊နှုတ်ဖြင့်၊တယ်လီဖုန်းဖြင့်၊ကြိုးမဲ့ကြေးနန်းဖြင့်ဖြစ်စေ

အမှုဖွင့်နိုင်ပါတယ်။

❖ ရဲအရေးယူပိုင်ခွင့်မရှိသည့် ရာဇဝတ်မှုများကို သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆို၍လည်း စတင်တိုင်တန်းပါတယ်။

ရာဇဝတ်မှုဆိုတာ တည်ဆဲဥပဒေအရ ပြစ်ဒဏ်စီရင်ထိုက်သည့် ပြုလုပ်မှုကိုဖြစ်စေ၊ ပျက်ကွက်မှုကိုဖြစ်စေ၊ ဆိုလိုရင်းဖြစ်တယ်။ ရာဇဝတ်မှုတစ်ခုနှင့် ပတ်သက်၍ တိုင်တန်းလိုလျှင် နစ်နာသူကိုယ်တိုင်တိုင်တန်းနိုင်သကဲ့သို့ သိမြင်ဆက်စပ်သူများကလည်းတိုင်တန်းနိုင်တယ်။ ရဲစခန်း (သို့မဟုတ်) တရားရုံးများတွင် နှုတ်ဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တိုင်တန်းနိုင်တယ်။ ဘယ်သူမဆို တိုင်တန်းနိုင်တယ်လို့ ဆိုသော်လည်း အချို့ရာဇဝတ်မှုများမှာ သက်သေထွက်ဆိုသည့်ပုဂ္ဂိုလ် (သို့မဟုတ်) နစ်နာသူကိုယ်တိုင်က တရားရုံးတော်၌ စာဖြင့်တိုင်တန်း လျှောက်ထားရတယ်။

**၈.၆ ရဲစခန်းတွင် ပထမသတင်းပေးတိုင်တန်းချက်** (First Information Report (F.I.R))

ရဲအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုကို ကျူးလွန်ခြင်းနှင့် ပတ်သက်၍ သတင်းပေးချက် တနည်းပြောရလျှင် တိုင်တန်းချက်ကို နှုတ်ဖြင့်ပေးခဲ့လျှင် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းမှူးကိုယ်တိုင်ဖြစ်စေ၊ ၎င်း ညွှန်ကြားချက် အရဖြစ်စေ၊ စာဖြင့်ရေးမှတ်ယူရတယ်။ သတင်းပေးသူကိုလည်း ပြန်လည်ဖတ်ပြရပြီး အဆိုပါသတင်းပေးချက်တွင် သတင်းပေးသူက လက်မှတ်ရေးထိုးရတယ်။ စာဖြင့် တိုင်ကြားတယ် ဆိုရင်လည်းတိုင်ကြားသည့်အတိုင်းရေးကူးပြီးသတင်းပေးချက်တွင်သတင်းပေးသူကလက်မှတ်ရေးထိုးရတယ်။ ထို့ပြင် သတ်မှတ်ထားသည့်ပုံစံ အတိုင်းထားရှိသည့် ရဲမှတ်တမ်းစာအုပ်တွင် အဆိုပါ ရဲအရာရှိက သတင်း၏ အကျဉ်းကို ထည့်သွင်းရေးမှတ်ထားရတယ်။ (ကျင့်ထုံးပုဒ်မ ၁၅၄၊ ရဲလက်စွဲ ၁၄၁၄)

**၈.၇ တရားရုံးတွင် ဦးတိုက်လျှောက်ထား တိုင်တန်းခြင်း** (Direct Complaint)

ပြစ်မှုကျူးလွန်သူကို သိ၍ဖြစ်စေ၊ မသိဘဲဖြစ်စေ၊ ရာဇဝတ်တရားသူကြီးထံ ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ရာဇဝတ်မှုကျူးလွန်သည့်အကြောင်းအား တိုင်တန်းချက်ကို ဆိုလိုခြင်းဖြစ်တယ်။ သို့ရာတွင် ရဲအရာရှိ၏ အစီရင်ခံစာမှာ ဦးတိုက်

လျှောက်လွှာတွင် အကျုံးမဝင်ပါ။ (ကျင့်ထုံးပုဒ်မ ၄(၁)(ဇ)) (ဉာဏ်ဝေဖြိုးနှင့် နိုင်ငံတော် ၂၀၀၉၊ မတစ ၂၄)

ရဲအရေးယူပိုင်သည့် ပြစ်မှုနှင့် ပတ်သက်၍ဖြစ်စေ၊ ရဲအရေးယူပိုင်ခွင့်မရှိသည့် ပြစ်မှုနှင့် ပတ်သက်၍ဖြစ်စေ တရားရုံး၌ ဦးတိုက်လျှောက်လွှာတင်သွင်းပြီး တရားစွဲဆိုနိုင်သည်။ သို့ရာတွင် ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ မှ ၁၉၉ ထိ ရာဇဝတ်မှုများပုဒ်မ ၄၈၀၊ ၄၈၅၊ ၁၃၂ တို့တွင် ဖော်ပြထားသည့် ကိစ္စရပ်များမှလွဲ၍ အခြားရာဇဝတ်မှုဆိုင်ရာ အမှုများကို မည်သူက တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပါ။

### ၈.၈ တရားခံကို ချုပ်နှောင်ခြင်း

- ❖ တရားရုံး၏ ခွင့်ပြုချက်မရရှိက နိုင်ငံသားတစ်ဦးကို ၂၄ နာရီထက် ကျော်လွန်ချုပ်နှောင်ထားခွင့် မရှိစေရ။ (၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(ခ))
- ❖ ဖမ်းဆီးထားသူကို ၂၄ နာရီထက် ကျော်လွန်၍ ချုပ်မထားရ။ (ကျင့်ထုံးပုဒ်မ ၆၁)
- ❖ စုံစမ်းထောက်လှမ်းခြင်း ၂၄ နာရီအတွင်း မပြီးသည့်အခါ ရာဇဝတ်တရားသူကြီးထံ တရားခံကို တင်ပို့ပေးရမယ်။ (ကျင့်ထုံးပုဒ်မ ၁၆၇ (၁))
- ❖ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်အောက်မနည်း (၇) နှစ်နှင့်အထက် ချမှတ်နိုင်သည့် အမှုမျိုးတွင် ချုပ်ရီမန်ကို ရက်ပေါင်း (၃၀) ထက်မပိုစေရ။ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်အောက် ချမှတ်နိုင်သည့် အမှုမျိုးတွင် ချုပ်ရီမန်ကို (၁၅) ရက်ထက် မပိုစေရ။ (ကျင့်ထုံးပုဒ်မ ၁၆၇ (၂))
- ❖ တစ်ကြိမ်လျှင် (၁၅) ရက် ထက်ပိုသော အချိန်ကာလအတွက် ချုပ်မိန့်ပေးခြင်းမပြုရ။ (ကျင့်ထုံးဥပဒေပုဒ်မ ၃၄၄ (၁))

### ၈.၉ စွပ်စွဲခံရသူရဲ့ ဥပဒေအခွင့်အရေးများ

ဘယ်သူမဆို အမှုကိစ္စတစ်ခုကို ကျူးလွန်တယ်ဟု တစ်စုံတစ်ဦး၏ စွပ်စွဲခြင်းကိုခံရပါက စွပ်စွဲခံရသည့် မိမိတွင်လည်း ဥပဒေအရ ၎င်းစွပ်စွဲချက်ကို ထုချေဖြေရှင်းရန် ဥပဒေအခွင့်အရေးရှိတာကို သိရှိထား သင့်ပါတယ်။ တစ်စုံတစ်ဦးက မိမိအပေါ် ရဲစခန်းတွင်ဖြစ်စေ၊ တရားရုံးတွင်ဖြစ်စေ စွပ်စွဲမှုတစ်ခုခုပြုလုပ်

တဲ့ အကြောင်းခြင်းရာကို သိလျှင်သိချင်း တရားဥပဒေကို နားလည်တဲ့ ဥပဒေအထောက် အကူပေးသူ ထံသို့ဖြစ်စေ၊ ရှေ့နေထံသို့ဖြစ်စေ သွားရောက်လျက် ဥပဒေအကြံဉာဏ် တောင်းခံသင့်ပါတယ်။ အဖမ်း ခံရသည့်အချိန်အထိသော်လည်းကောင်း၊ ရဲမှ တရားရုံးသို့ စွပ်စွဲခံရသူ တရားခံကို တရားစွဲတင်ပို့သည့် အချိန်အထိသော်လည်းကောင်း မစောင့်ဆိုင်းပါနဲ့။ ရောဂါကျွမ်းပြီးမှ ဆေးဆရာထံ ရောက်သည့်လူနာကဲ့ သို့ ကုစားရခက်ခဲတတ်ပါတယ်။ မိမိတွင် ဥပဒေပြဿနာရှိလျှင် ကြိုတင်ပြီး အကြံဉာဏ်ရယူဖြေရှင်းခြင်းက ပိုမိုထိရောက်ပါတယ်။ ဘယ်သူမဆို ၎င်းစွပ်စွဲမှုကို သိရှိ၍ စတင်ဖမ်းဆီး ခြင်းခံရချိန်မှ တရားရုံးတွင် တရား ရင်ဆိုင်အပြစ်ပေးခြင်းခံရသော်လည်း မိမိတွင်အယူခံခွင့်အပါအဝင်အကျဉ်းသားတစ်ဦး၏အခွင့်အရေးများ (ဥပဒေအခွင့်အရေးများ) ရှိပါတယ်။ ၎င်း ဥပဒေအခွင့်အရေးများကို ဥပဒေအထောက်အကူ ပေးသူတစ်ဦး အနေဖြင့် မဖြစ်မနေသိရှိထားရပါမယ်။

စွပ်စွဲခံရသူမှ ရဲအရေးပိုင်သော ပြစ်မှုဖြင့်ဖြစ်စေ၊ ရဲအရေးမပိုင်သော ပြစ်မှုဖြင့်ဖြစ်စေ စွပ်စွဲဖမ်းဆီး ခြင်းခံရပါက ဖမ်းဆီးခံရသူမှ ဖမ်းဆီးသူအား မေးခွန်းမေးမြန်းခွင့်ရှိပါတယ်။ အများပြည်သူ ဝင်ထွက်သွား လာနိုင်သောနေရာနှင့် လမ်းပေါ်တွင် ဖမ်းဆီးခံရလျှင်ဖြစ်စေ၊ မိမိနေအိမ်တွင် ဖမ်းဆီးခြင်းခံရလျှင်ဖြစ်စေ ဖမ်းဆီးသူကို ၎င်းဖမ်းဆီးသူ၏ အမည်၊ ရာထူး၊ အဖွဲ့အစည်း၊ လူဖမ်းခွင့်ဝရမ်းရှိ/မရှိနှင့် ဝရမ်းမရှိလျှင် မည် သည့်အမှုဖြင့် ဖမ်းသလဲ။ ပထမသတင်းပေးတိုင်ချက် (First Information Report (F.I.R)ဖွင့်ထားတာ ရှိ သလား။ ဘယ်နေရာကို လိုက်ခဲ့ရမလဲ။ ဘယ်နေရာကို ဖမ်းဆီးခေါ်ဆောင်သွားမှာလဲ။ ရပ်/ကျေး အုပ်ချုပ် ရေးမှူးက ဘယ်သူလဲ။ တခြားအရပ်သားသက်သေတွေ ပါဝင်သလား မေးမြန်းရပါမယ်။ ရှာဖွေပုံစံဖြင့် မိမိ ထံမှ ပစ္စည်းတစ်စုံတစ်ရာ သိမ်းဆည်းလျှင် မိမိက ပေးအပ်သူအဖြစ် လက်မှတ်မရေးထိုးမီ ရှာဖွေပုံစံတွင်ဖြည့် သွင်းထားသော ပစ္စည်းစာရင်းကို နားလည်အောင်ဖတ်ရှုသင့်ပါတယ်။ ရှာဖွေရာတွင် အရပ်သား သက်သေ ဘယ်သူတွေပါဝင်သလဲ။ ရှာဖွေပုံစံတွင် မည်သူတွေ လက်မှတ်ရေးထိုးသလဲ မှတ်သားထားသင့်ပါတယ်။ ရှာဖွေပုံစံအလွတ်(မဖြည့်သွင်းထားသေးသောစာရွက်)ပေါ်တွင်လက်မှတ်လုံးဝမထိုးပေးသင့်ပါ။ မိမိ ပစ္စည်း မဟုတ်သည့် ဥပဒေနှင့် မလွတ်ကင်းသော(ပြစ်မှုပြစ်ဒဏ်ကြီးသော မူးယစ်ဆေးဝါး စသည်ဖြင့်) ပစ္စည်းများကို မိမိလက်မှတ်ရေးထိုးထားသည့် ရှာဖွေပုံစံတွင် ဖြည့်သွင်းလျက် မိမိအပေါ် တရားစွဲဆိုလာပါက အပြစ်ကြီး လေး မည်ဖြစ်၍ သတိကြီးစွာ ထားသင့်ပါတယ်။ ရဲထံမှ ရှာဖွေပုံစံ မိတ္တူတစ်စောင်ကိုလည်း တောင်းယူခွင့်ရှိ သည်ကို သိရှိထားပါ။

မိသားစုဝင်များနှင့် မိမိ၏ရှေ့နေကို အသိပေးအကြောင်းကြားနိုင်ရန် ဖမ်းဆီးသော ရဲကို ခွင့်တောင်းနိုင်ပါတယ်။ ခွင့်ပြုချက်မရလျှင် တနည်းနည်းဖြင့် မိသားစုဝင်များနှင့် မိမိရှေ့နေကို ရအောင်အသိပေး အကြောင်းကြားပါ။ အဖမ်းခံရသူက အသာတကြည် အဖမ်းခံလျှင် ဖမ်းဆီးသောရဲသည် ကိုယ်ထိလက်ရောက် ချုပ်နှောင်ဖမ်းဆီးခြင်း မပြုရကြောင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၆ (၁) တွင်ပြဋ္ဌာန်းထားပါတယ်။ ဖမ်းဆီးခံရစဉ် ရဲအချုပ်တွင် ညှင်းပန်းနှိပ်စက်ခံရပါက ဒဏ်ရာများကို ပြည်သူ့ဆေးရုံတွင် ပြသပြီး ဆေးစာရယူနိုင်အောင်ကြိုးစားပါ။ ဥပဒေအရ ဖမ်းဆီးထားစဉ် မိမိအား ရဲမှ ညှဉ်းပန်းနှိပ်စက်ခွင့်လုံးဝ မရှိပါ။ ရဲအချုပ်မှ တရားသူကြီးရှေ့သို့ တရားစွဲဆိုရန် မိမိအားတင်ပို့သည့်အခါ ရဲအချုပ်တွင် ရဲထံ ညှဉ်းပန်းနှိပ်စက်ခံရပါက ဦးတိုက်လျှောက်ထားပြီး (တရားသူကြီးရှေ့တွင် တရားသူကြီးထံ နှုတ်ဖြင့်) အရေးယူပေးရန် တိုင်တန်းနိုင်ပါတယ်။

မိမိအနေဖြင့် တစ်စုံတစ်ဦး၏ စွပ်စွဲသော ပြစ်မှုကို ကျူးလွန်ထားခြင်းမရှိပါက ရဲမှ ရဲအချုပ်တွင် ညှဉ်းပန်းနှိပ်စက်ပြီး တရားသူကြီးထံတွင် ဖြောင့်ချက်ပေး (ဝန်ခံ) ခိုင်းပါက မိမိ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များကို တရားသူကြီးအားပြသပြီး အမှန်အတိုင်း ရဲက ညှဉ်းပန်းနှိပ်စက်၍ ထိုကဲ့သို့ ဖြောင့်ချက်ပေး (ဝန်ခံ) ရခြင်းဖြစ်ကြောင်း လွတ်လပ်စွာ တရားသူကြီးအား ပြောဆိုနိုင်ပါတယ်။ တရားသူကြီးထံတွင် မိမိက ထိုသို့ ဖြောင့်ချက်ပေးနေစဉ် မိမိအားတင်ပို့သည့် ရဲအရာရှိသည် မိမိက တရားသူကြီးကို ပြောဆိုနေသည့် အကြောင်းအရာများကို မကြားနိုင်သည့်နေရာတွင် ရှိနေပေးပါရန်တရားသူကြီးထံ တင်ပြတောင်းဆိုနိုင်ပါတယ်။ အာမခံပေးနိုင်သောအမှုဖြစ်ပါက ရဲစခန်းတွင် အာမခံလုပ်ထုံးလုပ်နည်းများအတိုင်း အာမခံသူနှစ်ဦးနှင့် အာမခံပြုလုပ်ပြီး အချုပ်အနှောင်မှ လွတ်မြောက် အောင်လုပ်နိုင်ပါသည်။ အာမခံမည့်သူမရှိပါက ရဲထံ ကိုယ်ပိုင်ခံဝန်ဖြင့် အချုပ်မှလွတ်မြောက်အောင် လုပ်နိုင်ပါတယ်။ တရားရုံးသို့ တရားစွဲဆိုတင်ပို့ခံရလျှင်လည်း ဥပဒေအရ ခုခံချေပပိုင်ခွင့် အဆင့်ဆင့်ရှိပါတယ်။ အာမခံ ပေးနိုင်သော အမှုဖြစ်ပါက အာမခံလုပ်ထုံးလုပ်နည်းများနှင့်အညီ အာမခံဖြင့် အချုပ်လွတ်ထုချေဖြေရှင်းနိုင် ပါတယ်။ အာမခံမပေးနိုင်သော အမှုဖြစ်လျှင်လည်း အချုပ်လွတ်အာမခံရရှိအောင် ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၉၇ (ခြွင်းချက်) အရ လျှောက်ထားတောင်းခံနိုင်ပါတယ်။

**၈.၁၀ ရှေ့နေနှင့် ထုချေခွင့်**

*တရားလိုဘက် ပြင်ပရှေ့နေ ငှါးရမ်းခွင့်ရှိသလား။*

ရဲအရေးယူပိုင်ခွင့်ရှိသည့် အမှုများတွင် နစ်နာသည့် တရားလိုဘက်မှ ပြင်ပရှေ့နေ ငှါးရမ်းကာ ဥပဒေအရာရှိ ညွှန်ကြားချက်နှင့်အညီ အမှုလိုက်ပါ ဆောင်ရွက်နိုင်တယ်။ (ကျင့်ထုံးပုဒ်မ ၄၉၃)

*တရားခံဘက် ပြင်ပရှေ့နေ ငှါးရမ်းခွင့်ရှိသလား။*

ရာဇဝတ်ကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခံရသူ မည်သူမဆို အမှုတွင် ရှေ့နေဖြင့် ခုခံချေပပိုင်ခွင့်ရှိတယ်။ (ကျင့်ထုံးပုဒ်မ ၃၄၀(၁))

**၈.၁၁ စီရင်ထုံး**

*တရားခွင်ထဲ အများပြည်သူဝင်ရောက် နားထောင်လေ့လာနိုင်သလား။*

ဖွဲ့စည်းပုံပုဒ်မ ၁၉(ခ) အရ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် (Courts to be Open) တရားစီရင်ရမည်။ (ကျင့်ထုံးပုဒ်မ ၃၅၂)

*ဥပဒေရဲ့ မူသဘောက ဘာလဲ။*

တရားဥပဒေ၏ မူတရပ်မှာ တဖက်သတ်ကြားနာပြီး မဆုံးဖြတ်ရ၊ တဖက်သို့လည်း ချေပရှင်းလင်းခွင့်ပြုရမယ်။ နှစ်ဖက်စုံကြားနာပြီးမှ အမှား အမှန်ကို ဆုံးဖြတ်ရမယ်ဟု ဥပဒေက ရည်ရွယ်ပါတယ်။ (ဖိုးဟန်ပါ (၂)နှင့် နိုင်ငံတော်၊ ၁၉၄၇၊ ရန်ကုန် ၃၁၉)

# အခန်း (၉)

## ဥပဒေအထောက်အကူပေးသူ လေ့လာထားရမည့် ရာဇဝတ်မှုဆိုင်ရာလျှောက်ထားမှု ပုံစံများ

ရာဇဝတ်ကျင့်ထုံးဥပဒေအရ အာမခံပေးရမည်ဟု ပြဋ္ဌာန်းထားသော ရာဇသတ်ကြီးပုဒ်မဖြင့် စွပ်စွဲအရေးယူခြင်းခံရသည့်အခါ အာမခံလျှောက်ထားရမည့် လျှောက်လွှာပုံစံ

❖ အာမခံသူ (၂) ဦးလိုအပ်သည်။

❖ အိမ်၏ ကာလတန်ဖိုးနှင့် ပိုင်ဆိုင်ကြောင်း ရပ်/ကျေး အုပ်ချုပ်ရေးမှူး ထောက်ခံချက် လိုအပ်ပါသည်။

**နမူနာပုံစံ (၁)**

(ရုံးခွန်တံဆိပ်ခေါင်း ၅ဝိ - / ၁၀ဝိ - ကပ်ရန်)

ရန်ကုန်တိုင်းဒေသကြီး၊ .................................... မြို့နယ်/ခရိုင် တရားရုံးတော်၌

၂၀...... ခုနှစ်၊ ရာဇဝတ်ကြီးအမှုအမှတ် -

ဦး/ဒေါ်.................................... နှင့် တရားလို

ဦး/ဒေါ်.................................... စွပ်စွဲခံရသူ/များ

(ရာဇသတ်ကြီးပုဒ်မ - .................. အရစွဲဆိုမှု)

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ - ၄၉၆ အရ ခိုင်လုံသော ခံဝန်ဖြင့် အချုပ်လွတ်ထုချေခွင့်ပြုပါရန် အာမခံ လျှောက်ထားခြင်း

အထက်အမည်ပါ စွပ်စွဲခံရသူ/များမှ အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်။

ရိုသေစွာဖြင့်

၁။ စွပ်စွဲခံရသူ (.....) ဦးမှာ ဤရုံးတော်၌ ရာဇသတ်ကြီး ဥပဒေပုဒ်မ – ................................. အရ စွပ်စွဲခံနေရသူများ ဖြစ်ကြပါသည်။

၂။ စွပ်စွဲခံရသူသည် ဤအမှုအား ရင်ဆိုင်ဖြေရှင်းရန်အလို့ငှါ စွပ်စွဲခံရသူ၏ ဥပဒေပါ အခွင့်အရေး တစ်ရပ်အနေဖြင့် အချုပ်လွတ် အာမခံ ရလိုပါသည်။

၃။ စွပ်စွဲသော ပြစ်မှုမှာ သေဒဏ်၊ တသက်တကျွန်းဒဏ် အပြစ်ပေးနိုင်သော အမှုလည်း မဟုတ်ပါ။ ဤရုံးတော်မှ ဥပဒေအရ အာမခံပေးနိုင်သော အခွင့်အာဏာ အပြည့်အဝရှိပါသည်။

၄။ စွပ်စွဲခံရသူ/များမှာ ဆွေမျိုးအသိုင်းအဝိုင်းဖြင့် အိမ်ထောင်စုစာရင်းနှင့် အိုးအိမ်အတည်တကျ နေထိုင်ကြသူများ ဖြစ်ကြပါသည်။ ထွက်ပြေးတိမ်းရှောင်မည့်သူများ မဟုတ်ပါ။ သက်သေများကို ချေဖျက်နိုင်သူများလည်း မဟုတ်ပါ။ ရုံးချိန်းမပျက်မကွက် လာရောက်ရင်ဆိုင်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

၅။ ရုံးတော်မှ အာမခံပေးမည်ဆိုပါက ခိုင်လုံသောခံဝန်ဖြင့် အာမခံသူများ ပေးနိုင်ပါသည်။ ဤအမှုကို တရားဥပဒေဘောင် အတွင်းမှ ဖြေရှင်းထုချေသွားပါမည်။

၆။ သို့ပါ၍ စွပ်စွဲခံရသူ/များဖြစ်သော ဦး/ဒေါ်............................... အပေါ် လူမှုရေးအရလည်းကောင်း၊ ဥပဒေကြောင်းအရလည်းကောင်း၊ ထောက်ထားသနားညှာတာမှုဖြင့် အချုပ်လွတ်ထုချေခွင့် ပေးသနားပါရန် ရိုသေစွာဖြင့် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

................................... ရန်ကုန်မြို့

ဦး/ဒေါ်...............................

၂၀...... ခုနှစ်၊ ...................လ၊ (......) ရက်။

ရာဇဝတ်ကျင့်ထုံးဥပဒေအရ အာမခံပေးရမည်ဟု ပြဌာန်းမထားသော်လည်း ခြွင်းချက်အနေဖြင့် အာမခံရထိုက်သူများအတွက် အာမခံလျှောက်ထားရမည့် လျှောက်လွှာပုံစံ

- ❖ ကလေးသူငယ်
- ❖ အမျိုးသမီး
